# ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကြေငြာစာတမ်း




ချင်းလူ့အခွင့်အရေးအဖွဲ့မှ မြန်မာဘာသာသို့ပြန်ဆိုသည်

ဤဘာသာပြန်စာအုပ်သည် ချင်းလူ့အခွင့်အရေးအဖွဲ့၏ မူပိုင်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဤဘာသာပြန်မမှုကို ပြန်လည်ထုတ်ဝေအသုံးပြုလိုပါက ချင်းလူ့အခွင့်အရေးအဖွဲ့၏ သဘောတူညီချက်ရယူပြီးမှသာ အသုံးပြုခွင့်ရှိသည်။

## နိဒါန်း

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံသည် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းအရ နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို စိတ်ရင်းစေတနာကောင်းဖြင့်ဖြည့်စွမ်းရန်နှင့် ၎င်းစာတမ်း၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများ၏ လမ်းညွှန်မှုကိုခံယူလျက်။

ဌာနေတိုင်းရင်းသားလူမျိုးများသည် အခြားသောလူမျိုးများနှင့် တန်းတူပြီး လူမျိုးများ၏ မတူကွဲပြားသောအခွင့်ရေးများကို အသိမှတ်ပြုခြင်း၊ မိမိကိုယ်ကိုမိမိ မတူကွဲပြားကြောင်းခံယူခြင်း၊ ယင်းကဲ့သို့သော ဖြစ်တည်မှုကိုလေးစားခြင်း စသည်တို့ကို အတည်ပြုလျက်။

လူမျိုးအားလုံးသည် ကြွယ်ဝပြီး မတူကွဲပြားသော လူ့ယဉ်ကျေးဖြစ်ထွန်းမှုများ၊ ယဉ်ကျေးမှုများ စသည့် လူသားတို့၏ ဘုံအမွေနှစ်များအပေါ် ပံ့ပိုးမှုကို အတည်ပြုလျက်။

လူမျိုးအခြေခံရင်းမြစ်၊ မတူကွဲပြားသော ယုံကြည်ကိုးကွယ်မှု၊ လူမျိုး ယဉ်ကျေးမှုများအပေါ် အခြေခံပြီး လူမျိုးတစ်မျိုးသို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းထက် ပိုမိုကြီးမြတ်သည်ဟူသော အယူအဆများ၊ မူဝါဒများနှင့် ကျင့်စဉ်များသည် လူမျိုးခွဲခြားမှုဖြစ်ပြီး သိပ္ပံနည်းအရမှားယွင်းမှု၊ ဥပဒေအရ တရားဝင်မှုမရှိခြင်း၊

## Annex

United Nations Declaration on the Rights of Indigenous Peoples

*The General Assembly,* Guided by the purposes and principles of the Charter of the United Nations, and good faith in the fulfillment of the obligations assumed by States in accordance with the Charter,

*Affirming* that indigenous peoples are equal to all other peoples, while recognizing the right of all peoples to be different, to consider themselves different, and to be respected as such,

*Affirming* also that all peoples contribute to the diversity and richness of civilizations and cultures, which constitute the common heritage of humankind,

*Affirming* further that all doctrines, policies and practices based on or advocating superiority of

လူသားတို့၏ ကျင့်ဝတ်အရ ရှုတ်ချဖွယ်ဖြစ်ခြင်း၊ လူမှုရေးအရ မတရားဖြစ်ခြင်း စသည်တို့ဖြစ်သည်ဟု အတည်ပြုလျက်။

ဌာနေတိုင်းရင်းသားလူမျိုးများသည် မည်သည့်ခွဲခြားဆက်ဆံမှုမှမရှိဘဲ မိမိတို့၏အခွင့်အရေးများကို ကျင့်သုံးရာတွင် လွတ်လပ်စွာကျင့်သုံးရမည်ဟု ထပ်မံအတည်ပြုလျက်။

ဌာနေတိုင်းရင်းသားလူမျိုးများသည် ကိုလိုနီပြုခြင်းကြောင့်သော်လည်းကောင်း၊ မိမိတို့၏မြေယာ ပိုင်နက် နယ်မြေနှင့် သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်မှုကင်းမဲ့အောင် ပြုလုပ်ခံထားရခြင်းကြောင့်သော်လည်းကောင်း၊ အထူးသဖြင့် မိမိတို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အခွင့်အရေးများကို မိမိတို့၏လိုအပ်ချက်၊ အကျိုးစီးပွားနှင့်အညီ ကျင့်သုံးခြင်းမှ ဟန့်တားခြင်းခံရမှုအပါအဝင် ရာဇဝင်တွင်သော မတရားမှုများခံခဲ့ရခြင်းအပေါ် စာနာစိုးရိမ်သည်။

၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဆောက်အအုံများမှသော်လည်းကောင်း ၎င်းတို့၏ ယဉ်ကျေးမှု၊ မျိုးရိုးစဉ်လာ ကိုးကွယ်ယုံကြည်မှုဓလေ့များ၊ သမိုင်း၊ ဒဿနိကများမှ ဖြစ်ထွန်းလာသော အထူးသဖြင့် ၎င်းတို့၏မြေယာ၊ ပိုင်နက်နယ်မြေ သဘာဝရင်းမြစ်ဆိုင်ရာ အခွင့်အရေးများအပါအဝင် ဌာနေတိုင်းရင်းသား လူမျိုးတို့၏ မွေးရာပါအခွင့်ရေးတို့အား လေးစားရန်နှင့်

peoples or individuals on the basis of national origin or racial, religious, ethnic or cultural differences are racist, scientifically false, legally invalid, morally condemnable and socially unjust,

*Reaffirming* that indigenous peoples, in the exercise of their rights, should be free from discrimination of any kind,

*Concerned* that indigenous peoples have suffered from historic injustices as a result of, inter alia, their colonization and dispossession of their lands, territories and resources, thus preventing them from exercising, in particular, their right to development in accordance with their own needs and interests,

*Recognizing* the urgent need to respect and promote the inherent rights of indigenous peoples which derive from their political, economic and social structures and from their

မြှင့်တင်ရန်အတွက် အစောတလျင်လိုအပ်ကြောင်းကို အသိအမှတ်ပြုလျက်။

နိုင်ငံတော်နှင့် သဘောတူချုပ်ဆိုထားသော စာချုပ်များ၊ သဘောတူညီချက်များ၊ အခြားအပြုသဘောဆောင်သော စီမံခန့်ခွဲမှုများတွင် အတည်ပြုပြဋ္ဌာန်းထားသော ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအား လေးစားရန်နှင့် မြှင့်တင်ရန် အစောတလျင်လိုအပ်ကြောင်းကို အသိအမှတ်ပြုလျက်။

ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် ခွဲခြားဆက်ဆံမှုများ အဆုံးသတ်စေရန်အလို့ငှာ၊ ၎င်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ တိုးတက်ကောင်းမွန်အောင် စီစဉ်ပြုလုပ်လျက်ရှိသည့်အပေါ် ကြိုဆိုလျက်။

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့အပေါ်သက်ရောက်မှုရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိမိတို့၏မြေယာ ပိုင်နက်နယ်မြေ သဘာဝအရင်းအမြစ်များအား ကွပ်ကဲထိန်းသိမ်းခြင်းဖြင့် မိမိတို့၏အဆောက်အအုံများ၊ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့များအား ထိန်းသိမ်းခြင်းနှင့် ပိုမိုအားကောင်းအောင် ပြုလုပ်နိုင်သည့်အပြင် ဖွံ့ဖြိုးရေးတွင်လည်း မိမိတို့၏ လိုအင်ဆန္ဒ၊ လိုအပ်ချက်နှင့်အညီ တိုးမြှင့်ပြုလုပ်နိုင်မည်ဟု ယုံကြည်သည်။

cultures, spiritual traditions, histories and philosophies, especially their rights to their lands, territories and resources,

*Recognizing* also the urgent need to respect and promote the rights of indigenous peoples affirmed in treaties, agreements and other constructive arrangements with States,

*Welcoming* the fact that indigenous peoples are organizing themselves for political, economic, social and cultural enhancement and in order to bring to an end all forms of discrimination and oppression wherever they occur, Convinced that control by indigenous peoples over developments affecting them and their lands, territories and resources will enable them to maintain and strengthen their institutions, cultures and traditions, and to promote their development in accordance with their aspirations and needs,

ဌာနေတိုင်းရင်းသားလူမျိုးတို့၏ အသိပညာ၊ ဗဟုသုတ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ကျင့်စဉ်များအား လေးစားခြင်းဖြင့် တည်တံ့ခိုင်မြဲပြီး တန်းတူမျှတမှုရှိသော ဖွံ့ဖြိုးရေး၊ သင့်တင့်လျှောက်ပတ်သော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုများအပေါ် ပံ့ပိုးသည်ကို အသိအမှတ်ပြုလျက်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာနှင့် ပိုင်နက်နယ်မြေများအား စစ်ကင်းမဲ့နယ်မြေအဖြစ် ပြုလုပ်ခြင်းအားဖြင့် ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကမ္ဘာပေါ်ရှိလူမျိုးများနှင့် နိုင်ငံများအကြား နားလည်မှု မိတ်ဖက်ဆက်ဆံရေးများအပေါ် ပံ့ပိုးသည်ကို အာရုံပြုလျက်။

ဌာနေတိုင်းရင်းသားတို့၏ မိသားစုများ၊ လူမှုအသိုင်းအဝိုင်းများအနေဖြင့် မိမိတို့၏ ကလေးသူငယ်များအား နိုင်ငံတကာကလေးသူငယ်များ၏ အခွင့်အရေးနှင့်အညီ ကြီးပြင်းစေခြင်း၊ သင်တန်းပေးခြင်း၊ ပညာရေးနှင့် ဘဝရပ်တည်မှုစသည့် မျှဝေတာဝန်ရှိမှုကို ဆက်လက်ထမ်းဆောင်ခြင်းဆိုင်ရာ အခွင့်အရေးကို အသိအမှတ်ပြုလျက်။

နိုင်ငံတော်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများ အကြား ပြုလုပ်ထားသော စာချုပ်များ၊ သဘောတူညီချက်များနှင့် အခြားအပြုသဘောဆောင်သော စီမံခန့်ခွဲမှုများတွင် ပြဋ္ဌာန်းထားသော

*Recognizing* that respect for indigenous know-ledge, cultures and traditional practices contributes to sustainable and equitable development and proper management of the environment,

*Emphasizing* the contribution of the demilitarization of the lands and territories of indigenous peoples to peace, economic and social progress and development, under-standding and friendly relations among nations and peoples of the world,

*Recognizing* in particular the right of indigenous families and communities to retain shared responsibility for the upbringing, training, education and well-being of their children, consistent with the rights of the child,

*Considering* that the rights affirmed in treaties, agreements and other constructive arrangements

အခွင့်အရေးများသည် အချို့သော အခြေအနေတွင် နိုင်ငံတကာ၏ ပါဝင်ပတ်သက်မှု၊ အကျိုးစီးပွား၊ တာဝန်ဝတ္တရား၊ သဘောသဘာဝများဆိုင်ရာ ရေးရာကိစ္စဖြစ်သည်ကို ထည့်သွင်းစဉ်းစားလျက်။

စာချုပ်များ၊ သဘောတူညီချက်များ၊ အခြားအပြုသဘောဆောင်သော စီမံခန့်ခွဲမှုများသည် ၎င်းတို့နှင့် သက်ဆိုင်ကိုယ်စားပြုသော နိုင်ငံတော်နှင့် ဌာနေတိုင်းရင်းသားလူမျိုးများအကြား ဆက်ဆံလက်တွဲမှုအားကောင်းစေရန် အခြေခံဖြစ်သည်ကို ထည့်သွင်းစဉ်းစားလျက်။

ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး ပဋိညာဉ်စာချုပ်၊ နိုင်ငံတကာ နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး ပဋိညာဉ်စာချုပ်၊ ဗီယာနာ ကြေညာချက်နှင့် လုပ်ငန်းစဉ်များစသည်တို့သည် လူမျိုးအားလုံး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခြေခံအရေးကြီးမှုကို အသိမှတ်ပြုပြီး၊ ယင်းအခွင့်အရေးရှိသည်နှင့်အညီ ၎င်းတို့၏ နိုင်ငံရေးအဆင့်တန်းကို လွတ်လပ်စွာဆုံးဖြတ်ခြင်း ၎င်းတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးရေးကိုလည်းလွတ်လပ်စွာ လုပ်ဆောင်ပိုင်ခွင့်ရှိသည်ကို အသိမှတ်ပြုလျက်။

between States and indigenous peoples are, in some situations matters of international concern, interest, responsibility and character, Considering also those treaties, agreements and other constructive arrangements, and relationship they represent, are the basis for a strengthened partner-ship between indigenous peoples and States,

*Acknowledging* that the Charter of the United Nations, the International Covenant on Economic, Social and Cultural Rights2 and the International Covenant on Civil and Political Rights, 2 as well as the Vienna Declaration and Programmer of Action, 3 affirm the fundamental importance of the right to self-determination of all peoples, by virtue of which they freely determine their political status and freely pursue their economic, social and cultural development,

*Bearing* in mind that nothing in this Declaration may be used to deny any peoples their right to

ဤကြေညာစာတမ်းပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို အသုံးပြုပြီးမည်သည့် လူမျိုးမဆိုင်ရင်းတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးကို နိုင်ငံတကာဥပဒေနှင့်အညီ ကျင့်သုံးခြင်းအား ငြင်းပယ်ခြင်း မပြုရန် မှတ်ယူလျက်။

ဤကြေညာစာတမ်းပါ ဌာနေတိုင်းရင်းသားလူမျိုးများ ၏ အခွင့်အရေးများကို အသိမှတ်ပြုခြင်းအားဖြင့် တရားမျှတမှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးလေးစားခြင်း၊ ခွဲခြားဆက်ဆံမှုကင်း မဲ့ခြင်း၊ ကောင်းမွန်သော စိတ်ရင်းစေတနာ စသည်မှုများအပေါ် အခြေခံလျက် ပြုလုပ်သော နိုင်ငံတော်နှင့် ဌာနေတိုင်းရင်းသား လူမျိုးများအကြား သဟဇာတရှိမှုနှင့် ပူပေါင်းဆောင်ရွက်မှုဖြစ် သောဆက်ဆံရေးများကို တိုးမြင့်စေမည်ဟု ယုံကြည်သည်။

နိုင်ငံတော်သည် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူ မျိုးများနှင့် ညှိနှိုင်းပူးပေါင်းပြီး နိုင်ငံတကာ စာချုပ်စာတမ်းများ အရ ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် အထူးသဖြင့် လူ့အခွင့် အရေးဆိုင်ရာကိစ္စများတွင် လူ့အခွင့်အရေးနှင့် သက်ဆိုင်သော တာဝန်ဝတ္တရားများကို တာဝန်ယူရန်နှင့် ထိရောက်စွာ အကောင် အထည်ဖော်ရန် တိုက်တွန်းလျက်။

self-determination, exercised in conformity with international law,

*Convinced* that the recognition of the rights of indigenous peoples in this Declaration will enhance harmonious and cooperative relations between the State and indigenous peoples, based on principles of justice, democracy, respect for human rights, non-discrimination and good faith,

*Encouraging* States to comply with and effectively implement all their obligations as they apply to indigenous peoples under international instruments, in particular those related to human rights, in consultation and cooperation with the peoples concerned,

*Emphasizing* that the United Nations has an important and continuing role to play in promoting and protecting the rights of indigenous peoples,

ကမ္ဘာ့ကုလသမဂ္ဂသည် ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးအား တိုးမြှင့်ရန်နှင့် ကာကွယ်ရန် အရေးကြီး အခန်းကဏ္ဍတွင် ရှိနေမှုကို အာရုံပြုလျက်။

ဤကြေညာချက်စာတမ်းသည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် လွတ်လပ်မှုများကို အသိအမှတ်ပြုခြင်း၊ မြင့်တင်ခြင်း၊ ကာကွယ်ခြင်းအတွက် အရေးကြီးသောခြေလှမ်းအဖြစ် သော်လည်းကောင်း၊ ကုလသမဂ္ဂနေဖြင့် ဤကိစ္စနှင့် ပတ်သက်၍ ဆက်စပ်ကိုက်ညီမှုရှိသော လုပ်ငန်းစဉ်များပြုလုပ်ရန် ဖြစ်သည်ကို ယုံကြည်လျက်။

ဌာနေတိုင်းရင်းသား လူပုဂ္ဂိုလ်တိုင်းသည် နိုင်ငံတကာ ဥပဒေက အသိအမှတ်ပြုထားသော လူ့အခွင့်အရေးအားလုံးကို ခွဲခြားဆက်ဆံခြင်းမရှိဘဲ ခံစားပိုင်ခွင့်ရှိမှုကိုသော်လည်းကောင်း၊ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ရပ်တည်မှု၊ လူမှုဘဝ၊ လူမျိုးတစ်မျိုးအဖြစ် အစိတ်အပိုင်းဖြစ်သော စုပေါင်းအခွင့်အရေး ပိုင်ဆိုင်မှုသော်လည်းကောင်း အသိမှတ်ပြုပြီး ထပ်မံအသိအမှတ်ပြုလျက်။

ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခြေအနေသည် ဒေသတစ်ခုနှင့် တစ်ခုအကြား၊ နိုင်ငံတစ်ခုနှင့် တစ်ခုအကြား ကွဲပြားမှုရှိသည်ကို သော်လည်းကောင်း၊ နိုင်ငံတော်နှင့် ဒေသများ၏

Believing that this Declaration is a further important step forward for the recognition, promotion and protection of the rights and freedoms of indigenous Peoples and in the development of relevant activities of the United Nations system in this field,

*Recognizing and reaffirming* that indigenous individuals are entitled without discrimination to all human rights recognized in international law, and that indigenous peoples possess collective rights which are indispensable for their existence, well-being and integral development as peoples,

*Recognizing* that the situation of indigenous peoples varies from region to region and from country to country and that the significance of national and regional particularities and various historical and cultural backgrounds should be taken into consideration,

ထူးခြားမှုများကိုသော်လည်းကောင်း မတူကွဲပြားသော နောက်ခံ သမိုင်းနှင့် ယဉ်ကျေးမှုများကို ထည့်သွင်းစဉ်းစားမှုပြုခြင်းကိုသော် လည်းကောင်း အသိအမှတ်ပြုလျက်။

ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံသည် အောက်ဖော်ပြပါ ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားဆိုင်ရာ ကြေညာစာတမ်းအား ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန် အသိအမှတ်ပြုခြင်းအားဖြင့် အကောင်အထည် ဆောင်ရွက်မည့် စံချိန်စံညွှန်းအဖြစ် အလေးအနက် ထုတ်ပြန်ကြေညာအပ်ပါသည်။

*Solemnly proclaims* the following United Nations Declaration on the Rights of Indigenous Peoples as a standard of achievement to be pursued in a spirit of partnership and mutual respect:

## အပိုဒ် (၁)

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့အရ အသိအမှတ်ပြုထားသော လူတစ်ဦးတစ်ယောက်ချင်း (သို့) လူအများ၏ အခြေခံလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးများအားလုံးကို ဌာနေတိုင်းရင်းသားလူမျိုးများအားလုံး အပြည့်အဝပျော်ရွှင်စွာ ခံစားခွင့်ရှိသည်။

## အပိုဒ် (၂)

ဌာနေတိုင်းရင်းသားလူမျိုးများသည် အခြားသောလူမျိုးများ လူပုဂ္ဂိုလ်များကဲ့သို့ လွတ်လပ်မှုနှင့် တန်းတူအခွင့်အရေး ခံစားပိုင်ခွင့်ရှိသည်။ ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ အခွင့်အရေးများ ကျင့်သုံးရာတွင် အထူးသဖြင့် ၎င်းတို့၏ မူလအရင်းအမြစ် (သို့) ကြွန်အင်လက္ခဏာများကို အခြေခံပြီး မည်သည့် ခွဲခြားဆက်ဆံခြင်းမျှ မခံရစေရပါ။

## အပိုဒ် (၃)

ဌာနေတိုင်းရင်းသားလူမျိုးများသည် ကိုယ်ပိုင်ပြဌာန်းပိုင်ခွင့် အခွင့်အရေးရှိသည်။ ယင်းအခွင့်အရေးအရ မိမိတို့၏ နိုင်ငံရေးအဆင့်အတန်းကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ တွင်လည်း လွတ်လပ်စွာ လုပ်ဆောင်ပိုင်ခွင့်ရှိသည်။

## Article 1

Indigenous peoples have the right to the full enjoyment, as a collective or as individuals, of all human rights and fundamental freedoms as recognized in the Charter of the United Nations, the Universal Declaration of Human Rights and international human rights law.

## Article 2

Indigenous peoples and individuals are free and equal to all other peoples and individuals and have the right to be free from any kind of discrimination, in the exercise of their rights, in particular that based on their indigenous origin or identity.

## Article 3

Indigenous peoples have the right to self-determination. By virtue of that right they freely determine their political status and freely pursue their economic, social and cultural development.

**အပိုဒ် (၄)**

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ကျင့်သုံးသည့်အနေဖြင့် ဒေသန္တရဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (သို့) ကိုယ်ပိုင်အစိုးရ ထူထောင်ခွင့်ရှိပြီး ယင်းဒေသန္တရဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သော ဘဏ္ဍာငွေရှာဖွေရေးကိုလည်း လွတ်လပ်စွာ လုပ်ဆောင်ပိုင်ခွင့် ရှိသည်။

**အပိုဒ် (၅)**

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ မတူကွဲပြားသော နိုင်ငံရေး၊ ဥပဒေရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဌာန/အဆောက်အအုံများကို ထိန်းသိမ်းခွင့်နှင့် ၎င်းတို့အား ခိုင်မာအားကောင်း လာစေရန် ပြုလုပ်ပိုင်ခွင့်ရှိပြီး၊ တစ်ချိန်တည်းတွင် နိုင်ငံအတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာတို့တွင်လည်း မိမိတို့၏ ရွှယ်ချယ်မှုအရ အပြည့်အဝ ပါဝင်ခွင့် ရှိသည်။

**အပိုဒ် (၆)**

ဌာနေတိုင်းရင်းသား ပုဂ္ဂိုလ်တိုင်းသည် နိုင်ငံသား ဖြစ်ပိုင်ခွင့် အခွင့်အရေးရှိသည်။

## Article 4

Indigenous peoples, in exercising their right to self-determination, have the right to autonomy or self-government in matters relating to their internal and local affairs, as well as ways and means for financing their autonomous functions.

## Article 5

Indigenous peoples have the right to maintain and strengthen their distinct political, legal, economic, social and cultural institutions, while retaining their right to participate fully, if they so choose, in the political, economic, social and cultural life of the State.

## Article 6

Every indigenous individual has the right to a nationality.

## အပိုဒ် (၇)

(၁) ဌာနေတိုင်းရင်းသားပုဂ္ဂိုလ်တိုင်းသည်အသက်ရှင်သန်ပိုင်ခွင့်၊ စိတ်ရောကိုယ်ပါ ကြံ့ခိုင်မှု၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှု စသည့်အခွင့်အရေးများ ရှိသည်။

(၂) ဌာနေတိုင်းရင်းသားလူမျိုးများသည် အစုအဖွဲ့အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာနေထိုင်ခွင့်၊ ငြိမ်းချမ်းလုံခြုံစိတ်ချစွာနေထိုင်ခွင့် စသည့် အခြားအခွင့်အရေးရှိသည်။ ဌာနေတိုင်းရင်းသားကလေးသူငယ်များအား အခြားလူမျိုးထံသို့ အတင်းအဓမ္မပြောင်းရွှေ့သွတ်သွင်းခြင်းအပါအဝင် ဌာနေတိုင်းရင်းသားလူမျိုးများအား လူမျိုးတုံးသတ်ဖြတ်ခြင်းနှင့် အကြမ်းဖက်နိုင်မည့် မည်သည့် လုပ်ဆောင်ချက်ကိုမျှ မပြုလုပ်ရ။

## အပိုဒ် (၈)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပုဂ္ဂိုလ်များသည် အတင်းအဓမ္မဝါးမျိုခြင်း (သို့) မိမိတို့၏ ယဉ်ကျေးမှုများ ဖျက်စီးခြင်း စသည့် လုပ်ရပ်များ တားဆီးကာကွယ်ခြင်းဆိုင်ရာ အခွင့်အရေးရှိသည်။

(၂) နိုင်ငံတော်အနေဖြင့် ဖော်ပြပါလုပ်ဆောင်မှုများအား ကာကွယ်ရန်နှင့် လုပ်ဆောင်မှုရှိပါက ပြန်လည်ကုစားနိုင်ရန် အောက်ဖော်ပြပါ ထိရောက်သော ယန္တရားများအား ပြဋ္ဌာန်းလုပ်ဆောင်ပေးရမည်။

## Article 7

1. Indigenous individuals have the rights to life, physical and mental integrity, liberty and security of person.

2. Indigenous peoples have the collective right to live in freedom, peace and security as distinct peoples and shall not be subjected to any act of genocide or any other act of violence, including forcibly removing children of the group to another group.

## Article 8

1. Indigenous peoples and individuals have the right not to be subjected to forced assimilation or destruction of their culture.

2. States shall provide effective mechanisms for prevention of, and redress for:

(က) မတူကွဲပြားသော လူမျိုးတစ်ရပ်အဖြစ် ရပ်တည်မှု၊ ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးတန်ဖိုးထားမှု၊ လူမျိုးဆိုင်ရာ ကြွန်အင်လက္ခဏာများ စသည်တို့ကို ရည်ရွယ်ချက်ရှိရှိဖြင့် ထိခိုက်ဖျက်ဆီးလိုသော မည်သည့်လုပ်ရပ်ကိုမဆို ကာကွယ်တားဆီးခြင်း။

(ခ) ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ ပိုင်နက်ရေမြေနှင့် သဘာဝအရင်းအမြစ်ပိုင်ဆိုင်မှုများကို လက်လွှတ်စေရန်အတွက် လုပ်ဆောင်ပြဋ္ဌာန်းခြင်းကို ကာကွယ်တားဆီးခြင်း။

(ဂ) ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ချိုးဖောက်ရန် (သို့) မေးမှိန်စေရန် ရည်ရွယ်သည့် မည်ကဲ့သို့သော အတင်းအဓမ္မပြောင်းရွှေ့ခြင်းကိုမဆို ကာကွယ်တားဆီးရန်အတွက် လုပ်ဆောင် ပြဋ္ဌာန်းခြင်း။

(ဃ) ဌာနေတိုင်းရင်းသားလူမျိုးများအား ဝါးမျိုခြင်း၊ အခြားလူမျိုးအဖြစ်သို့ မည်သည့်နည်းလမ်းနှင့်မဆို အတင်းအဓမ္မသွတ်သွင်းခြင်းများမှ ကာကွယ်တားဆီးရန်အတွက် လုပ်ဆောင်ပြဋ္ဌာန်းခြင်း။

(င) ဌာနေတိုင်းရင်းသားလူမျိုးများကို ပစ်မှတ်ထားပြီး လူမျိုးခွဲခြားမှု ဖြစ်ပေါ်လာအောင် မည်သည့် နည်းလမ်းနှင့်မဆို ဝါဒဖြန့်ချီခြင်း၊ လှုံ့ဆော်ခြင်းများအား ကာကွယ်တားဆီးနိုင်ရန်အတွက် ပြဋ္ဌာန်း လုပ်ဆောင်ခြင်း။

(a) Any action which has the aim or effect of depriving them of their integrity as distinct peoples, or of their cultural values or ethnic identities;

(b) Any action which has the aim or effect of dispossessing them of their lands, territories or resources;

(c) Any form of forced population transfer which has the aim or effect of violating or undermining any of their rights;

(d) Any form of forced assimilation or integration;

(e) Any form of propaganda designed to promote or incite racial or ethnic discrimination directed against them.

## အပိုဒ် (၉)

ဌာနေတိုင်းရင်းသားလူမျိုးများသည်လည်းကောင်း၊ လူပုဂ္ဂိုလ်များသည်လည်းကောင်း၊ ၎င်းတို့၏ ရိုးရာ စဉ်လာဓလေ့ ထုံးတမ်းများနှင့်အညီ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးအဖြစ် ခံယူပိုင်ခွင့်ရှိသည်။ ဤအခွင့်အရေးကို ကျင့်သုံးခြင်းကြောင့် မည်သည့်ခွဲခြားဆက်ဆံခြင်းမျှ မရှိစေရ။

## အပိုဒ် (၁၀)

ဌာနေတိုင်းရင်းသားလူမျိုးများအား ၎င်းတို့၏ မြေယာ၊ ပိုင်နက်နယ်မြေများမှ အတင်းအဓမ္မပြောင်းရွှေ့ခြင်း မပြုလုပ်ရ။ သတင်းအချက်အလက်များ ကြိုတင်သိရှိပြီးနောက် လွတ်လပ်စွာ ဆုံးဖြတ်သော သဘောတူညီမှု၊ ဖြစ်နိုင်ပါက နဂိုနေရာများတွင် ပြန်လည်နေရာချထားခြင်းအပါအဝင် တရားမျှတသော လျော်ကြေးပေးရန်သဘောတူညီမှု စသည်တို့ရှိမှသာ ဌာနေတိုင်းရင်းသားလူမျိုးများအား သက်ဆိုင်ရာနယ်မြေ၊ ပိုင်နက်ရေမြေများမှ ပြောင်းရွှေ့ခြင်းပြုလုပ်နိုင်သည်။

## အပိုဒ် (၁၁)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ရိုးရာစဉ်လာများ၊ ဓလေ့ထုံးတမ်းများအား ကျင့်သုံးခြင်း၊ ပြန်လည်အသက်သွင်းခြင်း ပြုလုပ်ပိုင်ခွင့် အခွင့်အရေးရှိသည်။ ယင်းသို့ဆိုရာတွင် အတိတ်နှင့် ပစ္စုပ္ပန်သာမကဘဲ အနာဂတ်အတွက် ဖော်

## Article 9

Indigenous peoples and individuals have the right to belong to an indigenous community or nation, in accordance with the traditions and customs of the community or nation concerned. No discrimination of any kind may arise from the exercise of such a right.

## Article 10

Indigenous peoples shall not be forcibly removed from their lands or territories. No relocation shall take place without the free, prior and informed consent of the indigenous peoples concerned and after agreement on just and fair compensation and, where possible, with the option of return.

## Article 11

1. Indigenous peoples have the right to practise and revitalize their cultural traditions and customs. This includes the right to maintain, protect and develop

ထုတ်အသုံးပြုမည့် ယဉ်ကျေးမှုဆိုင်ရာများဖြစ်သော ရှေးဟောင်းသမိုင်း ဘူမိနက်သန်နယ်မြေများ၊ အရာဝတ္ထုပစ္စည်းများ၊ ဒီဇိုင်များ၊ ပွဲလမ်းသဘင်အခမ်းအနားများ၊ နည်းပညာများ၊ စာပေနှင့် သုခုမအနုပညာမျိုးစုံအား ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ တိုးတက်ကောင်းမွန် အောင်ပြုလုပ်ခြင်း စသည့် အခွင့်အရေးများ ပါဝင်သည်။

(၂) နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လက်တွဲပြီး ၎င်းတို့၏သတင်းအချက်အလက် ကြိုတင် သိရှိပြီးနောက် လွတ်လပ်စွာ ဆုံးဖြတ်သော သဘောတူညီမှုရှိဘဲ (သို့) ၎င်းတို့၏ ဥပဒေများ၊ ရိုးရာစဉ်လာများ၊ ဓလေ့ထုံးတမ်းများကို ချိုးဖောက်ပြီး သိမ်းယူခဲ့သော ယဉ်ကျေးမှု၊ အသိပညာပစ္စည်း၊ ဘာသာရေးနှင့် ရိုးရာယုံကြည်မှုဆိုင်ရာ အရာပစ္စည်းများအား ပြန်လည်တပ်ဆင်ခြင်းအပါအဝင်၊ ပြန်လည်ကုစားခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ထိရောက်သော ယန္တရားများ လုပ်ဆောင်ရမည်။

## အပိုဒ် (၁၂)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ရိုးရာယုံကြည်မှုနှင့် ဘာသာရေးဆိုင်ရာ အစဉ်အလာများ၊ ဓလေ့ထုံးတမ်းများ၊ ပွဲလမ်းသဘင်များအား ဖော်ထုတ်ကျင်းပခြင်း၊ ကျင့်သုံးခြင်း၊ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ခြင်း၊ သင်ယူလေ့

the past, present and future manifestations of their cultures, such as archaeological and historical sites, artefacts, designs, ceremonies, technologies and visual and performing arts and literature.

2. States shall provide redress through effective mechanisms, which may include restitution, developed in conjunction with indigenous peoples, with respect to their cultural, intellectual, religious and spiritual property taken without their free, prior and informed consent or in violation of their laws, traditions and customs.

## Article 12

1. Indigenous peoples have the right to manifest, practise, develop and teach their spiritual and religious traditions, customs and ceremonies; the right to maintain, protect, and have access in privacy to their religious and cultural sites; the

လာခြင်းစသည့် အခွင့်အရေးများရှိသည်။ မိမိတို့၏ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပရဝုဏ်များကိုလည်း ထိန်းသိမ်းခြင်း ကာကွယ်ခြင်းနှင့် သီးခြားဝင်ရောက် အသုံးပြုခွင့် စသည့် အခွင့်အရေးရှိသည်။ ပွဲလမ်းသဘင်ဆိုင်ရာ ပစ္စည်းများကိုလည်း ထိန်းသိမ်းအသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်ပိုင်ခွင့် အခွင့်အရေးရှိသည်။ မိမိတို့၏ ဘိုးဘွား ကြွင်းကျန်အရိုးစုများကိုလည်း ပြန်လည်ရပိုင်ခွင့် အခွင့်အရေးရှိသည်။

(၂) နိုင်ငံတော်သည် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော် လက်ဝယ်ပိုင်ဆိုင်ထားသော ပွဲလမ်းသဘင်ဆိုင်ရာပစ္စည်းများ အသုံးပြုရန်အတွက်သော်လည်းကောင်း ဘိုးဘွား ကြွင်းကျန်အရိုးစုများအား ပြန်လည်ရယူနိုင်ရန်အတွက်သော်လည်းကောင်း တရားမျှတခြင်းနှင့် ပွင့်လင်း မြင်သာမှုရှိသော ထိရောက်သည့် ယန္တရားများကို ရှာဖွေလုပ်ဆောင်ပေးရမည်။

## အပိုဒ် (၁၃)

(၁) ဌာနတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ သမိုင်း၊ ဘာသာစကား၊ ရိုးရာအစဉ်အလာများ၊ အတွေး အခေါ်များ၊ စာပေနှင့် စာအရေးအသားစနစ်များကို ပြန်လည်အသက်သွင်းခြင်း၊ အသုံးပြုခြင်း၊ ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း၊ မျိုးဆက်သစ်များအား လက်ဆင့်ကမ်းခြင်း စသည့် အခွင့်အရေးများ

right to the use and control of their ceremonial objects; and the right to the repatriation of their human remains.

2. States shall seek to enable the access and/or repatriation of ceremonial objects and human remains in their possession through fair, transparent and effective mechanisms developed in conjunction with indigenous peoples concerned.

## Article 13

1. Indigenous peoples have the right to revitalize, use, develop and transmit to future generations their histories, languages, oral traditions, philosophies, writing systems and literatures, and to designate and retain their own names for communities, places and persons.

2. States shall take effective measures to ensure that this right is protected and also to ensure that indigenous peoples can understand and be

ရှိသည်။ မိမိတို့၏ ရပ်ရွာအမည်နာမများ၊ နယ်မြေအခေါ်အဝေါ်များ၊လူပုဂ္ဂိုလ်အမည်နာမများအားဆက်လက်ထိန်းသိမ်းအသုံးပြုခွင့် စသည့် အခွင့်အရေးရှိသည်။

(၂) နိုင်ငံတော်သည် ဖော်ပြပါအခွင့်အရေးအား ကာကွယ်ပေးမှုသေချာစေရန်အတွက် ထိရောက်သော လုပ်ဆောင်မှုများပြုလုပ်ရမည်။ ထို့အပြင် ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် နိုင်ငံရေး၊ ဥပဒေရေး၊ အုပ်ချုပ်ရေးဆိုင်ရာ အကောင်ထည်ဖော်ဆောင်ရွက်မှုအဆင့်ဆင့်များကို နားလည်သဘောပေါက်မှုသေချာအောင် လုပ်ဆောင်ပေးရမည်။ လိုအပ်ပါက ဘာသာပြန်ပေးခြင်း (သို့) တခြားသော နည်းလမ်းများ အသုံးပြုခြင်းစသည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးရမည်။

## အပိုဒ် (၁၄)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ပညာရေးစနစ်များ၊ ဌာနေ/အဆောက်အအုံများ ထူထောင်ခြင်း၊ ထိန်းချုပ်ခြင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် သင့်တင့်လျှောက်ပတ်မှုရှိသော သင်ပြမှုစနစ်နှင့် သင်ယူ မှုစနစ်များကို အသုံးပြုကာ မိမိတို့၏ ဘာသာစကားဖြင့် သင်ကြားခြင်းစသည့် အခွင့်အရေးများ ရှိသည်။

(၂) ဌာနေတိုင်းရင်းသားပုဂ္ဂိုလ်တိုင်း အထူးသဖြင့် ကလေးသူငယ်များသည် နိုင်ငံအတွင်းရှိ မည်သည့် ပညာရေးစနစ်နှင့်

understood in political, legal and administrative proceedings, where necessary through the provision of interpretation or by other appropriate means.

## Article 14

1. Indigenous peoples have the right to establish and control their educational systems and institutions providing education in their own languages, in a manner appropriate to their cultural methods of teaching and learning.

2. Indigenous individuals, particularly children, have the right to all levels and forms of education of the State without discrimination.

3. States shall, in conjunction with indigenous peoples, take effective measures, in order for indigenous individuals, particularly children, including those living outside their communities, to have access, when possible, to an education

အဆင့်အတန်းတွင်မဆို ခွဲခြားဆက်ဆံခြင်းမရှိဘဲ၊ လေ့လာသင်ယူပိုင်ခွင့် အခွင့်အရေးရှိသည်။

(၃) နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လက်တွဲပူးပေါင်းပြီး မိမိတို့၏ လူမှုအသိုင်းအဝန်း ပြင်ပတွင် ရောက်ရှိသော ပုဂ္ဂိုလ်များအပါအဝင်၊ အထူးသဖြင့် ကလေးသူငယ်များအတွက် မိမိတို့၏ ယဉ်ကျေးမှုနှင့်အညီ မိမိတို့၏ ဘာသာစကားဖြင့် သင်ကြားပေးသော ပညာရေးစနစ်များအား အသုံးပြုနိုင်ရန်အတွက် ထိရောက်သော လုပ်ဆောင်မှုများ ပြုလုပ်ရမည်။

## အပိုဒ် (၁၅)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် ဂုဏ်သိက္ခာဆိုင်ရာ အခွင့်အရေး ရှိသည်။ မိမိတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုများ၊ ရိုးရာစဉ်လာများ၊ သမိုင်းများနှင့် လိုအင်ဆန္ဒများအား ပညာရေးတွင် ဖြစ်စေ၊ အများပြည်သူဆိုင်ရာ သတင်းများဖြစ်စေ သင့်တင့်လျောက်ပတ်စွာ ထင်ဟပ်စေရမည်။

(၂) နိုင်ငံတော်သည် သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများနှင့်ပူးပေါင်းလက်တွဲပြီး၊ နှိမ့်ချ/ ခွဲခြား ဆက်ဆံခြင်းများ ပပျောက်ရန်အတွက်သော်လည်းကောင်း ဌာနေတိုင်းရင်းသားလူမျိုးများ အချင်းချင်းအကြားတွင် လည်းကောင်း၊ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် တခြားလူမျိုးများအကြားတွင် သော်လည်းကောင်း စိတ်ရှည်သီးခံမှု နားလည်မှု၊ ဆက်ဆံရေး

in their own culture and provided in their own language.

## Article 15

1. Indigenous peoples have the right to the dignity and diversity of their cultures, traditions, histories and aspirations which shall be appropriately reflected in education and public information.

2. States shall take effective measures, in consultation and cooperation with the indigenous peoples concerned, to combat prejudice and eliminate discrimination and to promote tolerance, understanding and good relations among indigenous peoples and all other segments of society.

ကောင်းမွန်တိုးတက်စေရန် အတွက်သော်လည်းကောင်း ထိရောက်စွာ လုပ်ဆောင်ရမည်။

**အပိုဒ် (၁၆)**

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိဘာသာစကားဖြင့် မိမိတို့ပိုင်မီဒီယာများ ထူထောင်ခွင့် အခွင့်အရေးရှိသည်။ တခြားမီဒီယာများကိုလည်း ခွဲခြားဆက်ဆံခြင်းမရှိဘဲ ကြည့်ရှုအသုံးပြုခွင့်ရှိရမည်။

(၂) နိုင်ငံတော်သည် နိုင်ငံပိုင်မီဒီယာများတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မတူကွဲပြားသော ယဉ်ကျေးမှုများကို သင့်တင့်လျောက်ပတ်စွာ ထင်ဟပ်စေခြင်းကို သေချာစေရန်အတွက် ထိထိရောက်ရောက် လုပ်ဆောင်ပေးရမည်။ နိုင်ငံတော်သည် လွတ်လပ်စွာရေးသားဖော်ထုတ်ခြင်းကို မထိခိုက်စေဘဲ ပုဂ္ဂလိက ပိုင်မီဒီယာများတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများကို ပြည့်ပြည့်စုံစုံထင်ဟပ်စေရန် တိုက်တွန်းအားပေးမှု ပြုလုပ်ရမည်။

**အပိုဒ် (၁၇)**

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် နိုင်ငံတကာအလုပ်သမားဥပဒေများ၊ ပြည်တွင်းအလုပ်သမားဥပဒေများတွင် ဖော်ပြထားသော အလုပ်သမားဆိုင်ရာ အခွင့်အရေးများကို အပြည့်အဝရရှိခံစားပိုင်ခွင့် အခွင့် အရေးရှိသည်။

## Article 16

1. Indigenous peoples have the right to establish their own media in their own languages and to have access to all forms of non-indigenous media without discrimination.

2. States shall take effective measures to ensure that State-owned media duly reflect indigenous cultural diversity. States, without prejudice to ensuring full freedom of expression, should encourage privately owned media to adequately reflect indigenous cultural diversity.

## Article 17

1. Indigenous individuals and peoples have the right to enjoy fully all rights established under applicable international and domestic labour law.

2. States shall in consultation and cooperation with indigenous peoples take specific measures

(၂) နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်းပြီး ဌာနေတိုင်းရင်းသားကလေးသူငယ်များအား စီးပွားရေးအရ အမြတ်ထုတ် အနိုင်ကျင့်ခြင်း၊ အန္တရာယ်ဖြစ်စေနိုင်ခြင်း (သို့) ကလေးသူငယ် ပညာရေးကို ထိခိုက်ခြင်း (သို့) ကလေးသူငယ်များအား ကျန်းမာရေးဆိုင်ရာ ထိခိုက်ခြင်း (သို့) ကာယဗလ၊ စိတ္တဖွံ့ဖြိုးမှုများ ထိခိုက်ခြင်းစသည့် အလုပ်များလုပ်ခြင်းမှ စသည့်လုပ်ငန်းခွင်များတွင် အလုပ်လုပ်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် ထိထိရောက်ရောက် လုပ်ဆောင်ရမည်။

(၃) ဌာနတိုင်းရင်းသား ပုဂ္ဂိုလ်တိုင်းအပေါ် အလုပ်သဘောသဘာဝအရသော်လည်းကောင်း လစားခံစားခွင့်အရ သော်လည်းကောင်း မည်သည့်ခွဲခြားဆက်ဆံခြင်းများကိုမျှ မရှိစေရ။

## အပိုဒ် (၁၈)

ဌာနေတိုင်းရင်းသားလူမျိုးများသည် ကိုယ့်နည်းကိုယ့်ဟန်စနစ်ဖြင့် ရွေးချယ်ထားသော ကိုယ်စားလှယ်များမှ တစ်ဆင့် မိမိတို့၏ အခွင့်အရေးအပေါ် သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပါဝင်ခွင့်အခွင့်အရေး ရှိသည်။ ထို့ပြင် မိမိတို့၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ နည်းနာများကိုလည်း ထိန်းသိမ်းခြင်း ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း စသည့်အခွင့်အရေးရှိသည်။

to protect indigenous children from economic exploitation and from performing any work that is likely to be hazardous or to interfere with the child's education, or to be harmful to the child's health or physical, mental, spiritual, moral or social development, taking into account their special vulnerability and the importance of education for their empowerment.

3. Indigenous individuals have the right not to be subjected to any discriminatory conditions of labour and, inter alia, employment or salary.

## Article 18

Indigenous peoples have the right to participate in decision-making in matters which would affect their rights, through representatives chosen by themselves in accordance with their own procedures, as well as to maintain and develop their own indigenous decisionmaking institutions.

## အပိုဒ် (၁၉)

နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် သက်ရောက်မှုရှိနိုင်သည့် ဥပဒေနှင့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင်မှုများ အတည်ပြုပြဋ္ဌာန်းခြင်း၊ အကောင်အထည် ဖော်ဆောင်ရွက်ခြင်းများမပြုလုပ်မီ သတင်းအချက်အလက်များ ကြိုတင်သိရှိပြီးနောက် လွတ်လပ်စွာ ဆန္ဒသဘောထားဖော်ထုတ်မှုအရ ထွက်ပေါ်လာသော သဘောတူညီမှုများ ရရှိစေရန် အလို့ငှာ သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရွယ်ချယ်ထားသော ကိုယ်စားလှယ်များမှတစ်ဆင့် စိတ်ရင်းစေတနာမှန်ဖြင့် ညှိနှိုင်းပူးပေါင်းမှုပြုလုပ်ရမည်။

## အပိုဒ် (၂၀)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များတွင် စိတ်နှလုံးပီတိဖြာလျက် နှစ်ခြိုက်စွာ လုပ်ဆောင်နိုင်ရန်အလို့ငှာ မိမိတို့၏ နိုင်ငံရေး စီးပွားရေး၊ လူမှုရေးစနစ်များ (သို့) အဆောက်အအုံများကိုထိန်းသိမ်းခြင်း၊ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း စသည့် အခွင့်အရေးရှိသည်။ ထို့ပြင် မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် အခြားစီးပွားရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် လွတ်လပ်စွာ ပါဝင်ခွင့်ရှိသည်။

## Article 19

States shall consult and cooperate in good faith with the indigenous peoples concerned through their own representative institutions in order to obtain their free, prior and informed consent before adopting and implementing legislative or administrative measures that may affect them.

## Article 20

1. Indigenous peoples have the right to maintain and develop their political, economic and social systems or institutions, to be secure in the enjoyment of their own means of subsistence and development, and to engage freely in all their traditional and other economic activities.

2. Indigenous peoples deprived of their means of subsistence and development are entitled to just and fair redress.

(၂) မိမိတို့၏ အသက်မွေးဝမ်းကြောင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ သိမ်းယူဖျက်သိမ်းခြင်းခံရသော ဌာနေတိုင်း ရင်းသားလူမျိုး များသည် တရားမျှတမှုရှိသော ပြန်လည်ကုစားခြင်းများ ခံစားပိုင်ခွင့်ရှိရမည်။

## အပိုဒ် (၂၁)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ပညာရေး၊ အလုပ်အကိုင်၊ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ သင်တန်းများ/မွမ်းမံသင်တန်းများ၊ အိမ်ယာ၊ သန့်ရှင်းရေး၊ ကျန်းမာရေးနှင့် လူမှုဘဝ လုံခြုံရေးစသည့် နယ်ပယ်အပါအဝင် မိမိတို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေများအား တိုးတက် ကောင်းမွန်အောင် ပြုလုပ်ပိုင်ခွင့် အခွင့်အရေး ရှိသည်။

(၂) နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေ တိုးတက်ကောင်းမွန်မှုများ သေချာစေရန်အလို့ငှာ ထိထိရောက်ရောက် လုပ်ဆောင်ပေးရမည်။ ဤသို့ ဆောင်ရွက်ရာတွင် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ကလေးသူငယ်နှင့် မသန်စွမ်း လူပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့် လိုအပ်ချက်များကို အလေးထားအာရုံစိုက်ပြီး လုပ်ဆောင်ပေးရမည်။

## Article 21

1. Indigenous peoples have the right, without discrimination, to the improvement of their economic and social conditions, including, inter alia, in the areas of education, employment, vocational training and retraining, housing, sanitation, health and social security.

2. States shall take effective measures and, where appropriate, special measures to ensure continuing improvement of their economic and social conditions. Particular attention shall be paid to the rights and special needs of indigenous elders, women, youth, children and persons with disabilities.

## Article 22

1. Particular attention shall be paid to the rights and special needs of indigenous elders, women,

## အပိုဒ် (၂၂)

(၁) ဤကြေညာစာတမ်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဌာနေတိုင်းရင်းသားသက်ကြီး ရွယ်အိုများ၊ အမျိုးသမီးများ၊ လူငယ်များ၊ ကလေးသူငယ်နှင့် မသန်စွမ်းလူပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့် လိုအပ်ချက်များကို အလေးထားအာရုံပြုမှု လုပ်ရမည်။

(၂) ဌာနေတိုင်းရင်းသား အမျိုးသမီးများနှင့် ကလေးသူငယ်များကို အပြည့်အဝကာကွယ်ပေးရန်နှင့် ၎င်းတို့အပေါ် မည်သည့်အကြင်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း မရှိစေရန် နိုင်ငံတော်အနေဖြင့် ဌာနေတိုင်းရင်းသား လူမျိုးများနှင့် ပူးပေါင်းလက်တွဲပြီး လုပ်ဆောင်ပေးရမည်။

## အပိုဒ် (၂၃)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအခွင့်အရေးကျင့်သုံးရာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲချမှတ်ခြင်း၊ ဦးစားပေးမှုများ ရွေးချယ်သတ်မှတ်ခြင်းစသည့်အခွင့်အရေးများရှိသည်။ ဌာနေတိုင်းရင်းသားလူမျိုးများသည် အထူးသဖြင့် မိမိတို့အပေါ် သက်ရောက်မှုရှိမည့် ကျန်းမာရေး၊ အိမ်ရာ၊ အခြား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စီမံချက်များ ရေးဆွဲချမှတ်ရာတွင် ပါဝင်ရန်နှင့် ယင်းစီမံချက်များအား ဖြစ်နိုင်ပါက မိမိတို့ပိုင်အဖွဲ့အစည်း/အဆောက်အအုံမှတစ်ဆင့် ကြီးကြပ်ကွပ်ကဲပိုင်ခွင့် အခွင့်အရေးရှိသည်။

youth, children and persons with disabilities in the implementation of this Declaration.

2. States shall take measures, in conjunction with indigenous peoples, to ensure that indigenous women and children enjoy the full protection and guarantees against all forms of violence and discrimination.

## Article 23

Indigenous peoples have the right to determine and develop priorities and strategies for exercising their right to development. In particular, indigenous peoples have the right to be actively involved in developing and determining health, housing and other economic and social programmes affecting them and, as far as possible, to administer such programmes through their own institutions.

## အပိုဒ် (၂၄)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ တိုင်းရင်းဆေးများအပေါ် အခွင့်အရေးရှိပြီး မိမိတို့၏ ဆေးဖက်ဝင်အပင်များ၊ တိရစ္ဆာန်များ၊ သယံဇာတများအပါအဝင် မိမိတို့၏ ကျန်းမာရေးဆိုင်ရာ ကျင့်ထုံးများက ထိန်းသိမ်းပိုင်ခွင့် အခွင့်အရေးရှိသည်။ ထို့ပြင် ဌာနေတိုင်းရင်းသားပုဂ္ဂိုလ်တိုင်းသည် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှုလုပ်ငန်းများအား ရရှိခံစားပိုင်ခွင့် အခွင့်အရေးရှိသည်။

(၂) ဌာနေတိုင်းရင်းသားပုဂ္ဂိုလ်တိုင်းသည် ကိုယ်စိတ်နှစ်ဖြာကျန်းမာရေးအား အမြင့်ဆုံးထိ ရရှိခံစားနိုင်ရန် တန်းတူအခွင့်အရေး ရှိရမည်။ ဤအခွင့်အရေးအား အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သည် တစ်ဆင့်ပြီးတစ်ဆင့် လိုအပ်သလိုဆောင်ရွက်ရမည်။

## အပိုဒ် (၂၅)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့ ရိုးရာယဉ်ကျေးမှုအရ ပိုင်ဆိုင်ခဲ့သော (သို့) အခြေချနေထိုင်ခဲ့သော (သို့) အသုံးပြုခဲ့သော မြေယာ၊ ပိုင်နက်နယ်မြေ၊ ရေ၊ ကမ်းရိုးတန်းပင်လယ်နှင့် အခြားသဘာဝရင်းမြစ်အပေါ် ရိုးရာစဉ်လာ ယုံကြည်မှုအရရှိခဲ့သော ဆက်ဆံရေးအားထိန်းသိမ်းခြင်း၊ ပိုမိုအားကောင်းအောင် ပြုလုပ်ခြင်း စသည့် အခွင့်အရေးများရှိသည်။ ဖော်ပြပါ ကိစ္စများအား

## Article 24

1. Indigenous peoples have the right to their traditional medicines and to maintain their health practices, including the conservation of their vital medicinal plants, animals and minerals. Indigenous individuals also have the right to access, without any discrimination, to all social and health services.

2. Indigenous individuals have an equal right to the enjoyment of the highest attainable standard of physical and mental health. States shall take the necessary steps with a view to achieving progressively the full realization of this right.

## Article 25

Indigenous peoples have the right to maintain and strengthen their distinctive spiritual relationship with their traditionally owned or otherwise occupied and used lands, territories, waters and coastal seas and

မျိုးဆက်သစ်များအတွက် မိမိတာဝန်အဖြစ် ကိုင်စွဲပိုင်ခွင့် အခွင့်အရေးရှိသည်။

## အပိုဒ် (၂၆)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် ရိုးရာစဉ်လာယဉ်ကျေးမှုအရ ပိုင်ဆိုင်ခဲ့သော၊ အခြေချနေထိုင်ခဲ့ သော(သို့) အသုံးပြုခဲ့သော (သို့) ရယူပိုင်ဆိုင်ခဲ့သော မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝရင်းမြစ်ကို ခံစားပိုင်ခွင့် အခွင့်အရေးရှိသည်။

(၂) ဌာနေတိုင်းရင်းသားလူမျိုးများသည် ရိုးရာစဉ်လာယဉ်ကျေးမှုအရ ပိုင်ဆိုင်ခဲ့သော၊ အခြေချနေထိုင်ခဲ့ သော (သို့) အသုံးပြုခဲ့သော (သို့) ရယူပိုင်ဆိုင်ခဲ့သော မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝရင်းမြစ်များအား ပိုင်ဆိုင်ခြင်း၊ အသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းစသည့် အခွင့်အရေးရှိသည်။

(၃) နိုင်ငံတော်သည် ဖော်ပြပါမြေယာများ ပိုင်နက်နယ်မြေများ သဘာဝရင်းမြစ်များအား ဥပဒေအရ အသိအမှတ်ပြုခြင်း အကာအကွယ်ပေးခြင်းများ ပြုလုပ်ပေးရမည်။ ဤသို့ ပြုလုပ်ရာတွင် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းများ၊ ရိုးရာစဉ်လာများ၊ မြေယာစနစ်များနှင့်အညီ ပြုလုပ်ရမည်။

other resources and to uphold their responsibilities to future generations in this regard.

## Article 26

1. Indigenous peoples have the right to the lands, territories and resources which they have traditionally owned, occupied or otherwise used or acquired.

2. Indigenous peoples have the right to own, use, develop and control the lands, territories and resources that they possess by reason of traditional ownership or other traditional occupation or use, as well as those which they have otherwise acquired.

3. States shall give legal recognition and protection to these lands, territories and resources. Such recognition shall be conducted with due respect to the customs, traditions and land tenure systems of the indigenous peoples concerned.

**အပိုဒ် (၂၇)**

နိုင်ငံတော်သည် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်းလက်တွဲပြီး တရားမျှတမှုရှိခြင်း၊ လွတ်လပ်ပြီး ဘက်လိုက်မှုကင်းခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း စသည်တို့ကို အခြေခံပြီး ဌာနေတိုင်းရင်းသား လူမျိုးများ၏ ဥပဒေများ၊ ရိုးရာစဉ်လာများ၊ ဓလေ့ထုံတမ်းများ၊ မြေယာစနစ်များအား အသိမှတ်ပြုကာ ဌာနေတိုင်းရင်းသားများ၏ မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝရင်းမြစ်ဆိုင်ရာ အခွင့်အရေးများအား အသိပြုခြင်း၊ တရားရေးဆိုင်ရာ စီမံခန့်ခွဲခြင်း စသည်တို့ကို အကောင်ထည်ဖော်ဆောင်ရွက်ရမည်။

**အပိုဒ် (၂၈)**

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ "သတင်းအချက်အလက်များ ကြိုတင်သိရှိပြီးနောက် လွတ်လပ်စွာ ဆန္ဒသဘောထား ဖော်ထုတ်မှုအရ ထွက်ပေါ်လာသော သဘာတူညီမှု" မရှိဘဲ သိမ်းယူအသုံးပြုခဲ့သော (သို့) ဖျက်စီးခဲ့သော ရိုးရာစဉ်လာယဉ်ကျေးမှုအရပိုင်ခဲ့သော (သို့) အခြေချနေထိုင်ခဲ့သော(သို့) အသုံးပြုခဲ့သော မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝရင်းမြစ်အပေါ် နဂိုအတိုင်း ပြန်လည်လွှဲအပ်ခြင်း၊ အကယ်၍ ထိုကဲ့သို့ မဖြစ်နိုင်ပါက တရားမျှတမှုရှိသော လျော်ကြေးတောင်းဆိုပိုင်းခွင့် အခွင့်အရေးရှိသည်။

(၂) သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများမှ ကြည်ဖြူစွာသဘောတူလက်ခံသည့် ကိစ္စမှအပ ကျန်ကိစ္စများတွင် လျော်

## Article 27

States shall establish and implement, in conjunction with indigenous peoples concerned, a fair, independent, impartial, open and transparent process, giving due recognition to indigenous peoples' laws, traditions, customs and land tenure systems, to recognize and adjudicate the rights of indigenous peoples pertaining to their lands, territories and resources, including those which were traditionally owned or otherwise occupied or used. Indigenous peoples shall have the right to participate in this process.

## Article 28

1. Indigenous peoples have the right to redress, by means that can include restitution or, when this is not possible, just, fair and equitable compensation, for the lands, territories and resources which they have traditionally owned or otherwise occupied or used, and which have been confiscated, taken, occupied, used or damaged without their free, prior and informed consent.

ကြေးအဖြစ် ပေးသော မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝ ရင်းမြစ်များသည် နဂိုရှိခဲ့သော ဥပဒေအရ အသိအမှတ်ပြုမှု အဆင့်အတန်း၊ အရည်အသွေး၊ အရွယ်အစားအတိုင်း တန်းတူ ရှိရမည်။ (သို့) ငွေကြေးတန်ဖိုးအရ တန်းတူဖြစ်ရမည်။ (သို့) အခြားသင့်တင့်လျောက်ပတ်သော လျော်ကြေး ဖြစ်ရမည်။

**အပိုဒ် (၂၉)**

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝရင်းမြစ်များ၏ ထုတ်လုပ်မှု စွမ်းရည်များကို ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း ပြုလုပ်ပိုင်ခွင့် အခွင့်အရေးရှိသည်။ ထို့သို့သော ထိန်းသိမ်းကာကွယ်ခြင်းများ ပြုလုပ်ရန်အတွက် နိုင်ငံတော်အနေဖြင့် ခွဲခြားဆက်ဆံခြင်း မရှိသောထောက်ပံ့ရေး အစီအစဉ်ကို ထူထောင်ပြုလုပ်ပေး ရမည်။

(၂) နိုင်ငံတော်သည် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးတို့၏ "သတင်းအချက်အလက်များ ကြိုတင်သိရှိပြီးနောက် လွတ်လပ်စွာ ဆန္ဒသဘောထား ဖော်ထုတ်မှုအရ ထွက်ပေါ် လာသော သဘာတူညီမှု" မရှိဘဲ ၎င်းတို့၏ မြေယာ၊ ပိုင်နက် နယ်မြေများတွင် ဘေးဥပါဒ် ဖြစ်စေသောအရာ ပစ္စည်းများ မရှိစေရန် ထိထိရောက်ရောက် လုပ်ဆောင်ရမည်။

2. Unless otherwise freely agreed upon by the peoples concerned, compensation shall take the form of lands, territories and resources equal in quality, size and legal status or of monetary compensation or other appropriate redress.

## Article 29

1. Indigenous peoples have the right to the conservation and protection of the environment and the productive capacity of their lands or territories and resources. States shall establish and implement assistance programmes for indigenous peoples for such conservation and protection, without discrimination.

2. States shall take effective measures to ensure that no storage or disposal of hazardous materials shall take place in the lands or territories of indigenous peoples without their free, prior and informed consent.

## အပိုဒ် (၃၀)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာနှင့် ပိုင်နက်နယ်မြေများတွင် အများပြည်သူကောင်းကျိုး အတွက် ခိုင်လုံသော အကြောင်းပြချက်ရှိခြင်း၊ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများမှ လွတ်လပ်ပြီးကြည်ဖြူစွာသဘောတူညီခြင်း (သို့) မေတ္တာရပ်ခံခြင်းမှအပ စစ်တပ်များ တပ်စွဲခြင်းအပါအဝင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ မပြုလုပ်ရ။

(၂) နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာနှင့် ပိုင်နက်နယ်မြေများတွင် တပ်စွဲခြင်းအပါအဝင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုမပြုလုပ်မီ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုး၏ ကိုယ်စားလှယ်များမှတစ်ဆင့် သင့်တင့်လျောက်ပတ်သော နည်းလမ်းများကိုအသုံးပြုပြီး ညှိနှိုင်းမှုပြုလုပ်ရမည်။

## အပိုဒ် (၃၁)

(၁) ဌာနေတင်းရင်းသားလူမျိုးများသည် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာအစဉ်အလာ အသိပညာများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူသားနှင့် မျိုးရိုးရင်းမြစ်များ၊ မျိုးစေ့များ၊ ဆေးဝါးများ၊ သစ်ပင်ပန်းမနနှင့် ပတ်သက်သော အသိဗဟုသုတများ၊ ရိုးရာအစဉ်အလာများ၊ စာပေ၊ ဒီဇိုင်း၊ ရိုးရာ အားကစား ကစားနည်းများ၊ သုခုမ အနုပညာရပ်များ

3. States shall also take effective measures to ensure, as needed, that programmes for monitoring, maintaining and restoring the health of indigenous peoples, as developed and implemented by the peoples affected by such materials, are duly implemented.

## Article 30

1. Military activities shall not take place in the lands or territories of indigenous peoples, unless justified by a relevant public interest or otherwise freely agreed with or requested by the indigenous peoples concerned.

2. States shall undertake effective consultations with the indigenous peoples concerned, through appropriate procedures and in particular through their representative institutions, prior to using their lands or territories for military activities.

အပါအဝင် မိမိတို့၏ သိပ္ပံပညာ၊ နည်းပညာ၊ ယဉ်ကျေးမှု ဆိုင်ရာဖော်ထုတ်ပြသမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်းစသည့် အခွင့်အရေးရှိသည်။ ဌာနေတိုင်းရင်းသားလူမျိုးများသည် ဖော်ပြပါ ယဉ်ကျေးမှုအမွေအနှစ် ရိုးရာအစဉ်အလာ အသိပညာများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များဆိုင်ရာ အသိပညာဆိုင်ရာ ဉာဏပစ္စည်းများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း စသည့် အခွင့်အရေးများရှိသည်။

(၂) နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် ပူးပေါင်းလက်တွဲပြီး အထက်ဖော်ပြပါအခွင့်အရေးများအား ကျင့်သုံးခြင်းကို အသိအမှတ်ပြုမှု၊ ကာကွယ်မှုများ ပြုလုပ်ရန်အတွက် ထိရောက်စွာ လုပ်ဆောင်ပေးရမည်။

## အပိုဒ် (၃၂)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ မြေယာ၊ ပိုင်နက်နယ်မြေ၊ သဘာဝရင်းမြစ်များကို အသုံးပြုရေးအတွက်သော်လည်းကောင်း၊ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း မဟာဗျူဟာရေးဆွဲချမှတ်ခြင်း၊ ဦးစားပေးမှုရွေးချယ်သတ်မှတ်ခြင်း စသည့် အခွင့်အရေးရှိသည်။

(၂) နိုင်ငံတော်သည် ဌာနေတိုင်းရင်းသားလူမျိုးများ၏ မြေယာ၊ ပိုင်နက်နယ်မြေ သဘာဝရင်းမြစ်အပေါ် သက်ရောက်မှုရှိနိုင်

## Article 31

1. Indigenous peoples have the right to maintain, control, protect and develop their cultural heritage, traditional knowledge and traditional cultural expressions, as well as the manifestations of their sciences, technologies and cultures, including human and genetic resources, seeds, medicines, knowledge of the properties of fauna and flora, oral traditions, literatures, designs, sports and traditional games and visual and performing arts. They also have the right to maintain, control, protect and develop their intellectual property over such cultural heritage, traditional knowledge, and traditional cultural expressions.
2. In conjunction with indigenous peoples, States shall take effective measures to recognize and protect the exercise of these rights.

## Article 32

1. Indigenous peoples have the right to determine and develop priorities and strategies for the

သည့် အထူးသဖြင့် သယံဇာတ၊ ရေနှင့် အခြားရင်းမြစ်များ၊ တူးဖော်သုံးစွဲခြင်းနှင့် သက်ဆိုင်သော စီမံကိန်းအတည်မပြုမီ ဌာနေတိုင်းရင်းသားလူမျိုးများ "သတင်းအချက်အလက်များ ကြိုတင်သိရှိပြီးနောက် လွတ်လပ်စွာ ဆန္ဒသဘောထား ဖော်ထုတ်မှုအရ ထွက်ပေါ်လာသော သဘာတူညီမှုရယူနိုင် ရန်အလို့ငှာ သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားလူမျိုးများ၏ ကိုယ်စားလှယ်၊အဖွဲ့အစည်းများနှင့်စိတ်ရင်းစေတနာမှန်ဖြင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု လုပ်ရမည်။

(၃) နိုင်ငံတော်သည် ဖော်ပြပါစီမံကိန်းများအား အကောင်အ ထည်ဖော်ဆောင်ရွက်ပါက တရားမျှတမှုရှိသော ပြန်လည် ကုစားခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ယန္တရားများ ပြုလုပ်ဖန်းတီးပေးရမည်။ ယင်းစီးမံကိန်းကြောင့် ပတ်ဝန်း ကျင်၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ရိုးရာယုံကြည်မှု ဆိုင်ရာ အပေါ် သက်ရောက်မှုရှိနိုင်သည့် ဘေးထွက်ဆိုးကျိုး များအား လျော့နည်းသွားရန် ထိထိရောက်ရောက် လုပ်ဆောင် ရမည်။

## အပိုဒ် (၃၃)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ဓလေ့ထုံးတမ်း စဉ်လာနှင့်အညီ မိမိတို့၏ ဝိသေသလက္ခဏာ (သို့)မိမိတို့ အသိုင်းအဝန်း အဖွဲ့ဝင်သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များ နှင့် ပတ်သက်၍ ဆုံးဖြတ်ပိုင်ခွင့်အခွင့်အရေးရှိသည်။ ဤအ

development or use of their lands or territories and other resources.

2. States shall consult and cooperate in good faith with the indigenous peoples concerned through their own representative institutions in order to obtain their free and informed consent prior to the approval of any project affecting their lands or territories and other resources, particularly in connection with the development, utilization or exploitation of mineral, water or other resources.

3. States shall provide effective mechanisms for just and fair redress for any such activities, and appropriate measures shall be taken to mitigate adverse environmental, economic, social, cultural or spiritual impact.

## Article 33

1. Indigenous peoples have the right to determine their own identity or membership in accordance with their customs and traditions. This does not

ခွင့်အရေးကို ကျင့်သုံးခြင်းကြောင့် နိုင်ငံသားဖြစ်ခွင့်ကို ထိခိုက်ဟန့်တားခြင်း မရှိစေရ။

(၂) ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့အဖွဲ့အစည်း၊ အဆောက်အအုံဖွဲ့စည်းမှုပုံစံနှင့် အဖွဲ့ဝင် ရွေးချယ်သတ်မှတ်ရေးနှင့် ပတ်သက်၍ မိမိတို့၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုံးဖြတ်ပိုင်ခွင့် အခွင့်အရေးရှိသည်။

## အပိုဒ် (၃၄)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ ဖွဲ့စည်းမှုပုံစံ၊ မတူကွဲပြားသော ဓလေ့ထုံးတမ်း၊ ရိုးရာစဉ်လာ ယုံကြည်မှု၊ ရိုးရာအစဉ်အလာ၊ လုပ်ထုံးလုပ်နည်းစသည်တို့အပြင် မိမိတို့၏ တရားစီရင်ရေးစနစ် (သို့) တရား စီရင်ရေး ရိုးရာဓလေ့ထုံးတမ်းများရှိပါက နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံညွှန်းနှင့်အညီ ထိန်းသိမ်းပိုင်ခွင့်၊ ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ပိုင်ခွင့် အခွင့်အရေးရှိသည်။

## အပိုဒ် (၃၅)

ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့၏ လူမှုအသိုင်းအဝန်း၊ အဖွဲ့အစည်းအတွင်းရှိတစ်ယောက်ချင်းစီ၏ တာဝန်နှင့် ဝတ္တရားများကို သတ်မှတ်ပိုင်ခွင့် အခွင့်အရေးရှိသည်။

impair the right of indigenous individuals to obtain citizenship of the States in which they live.

2. Indigenous peoples have the right to determine the structures and to select the membership of their institutions in accordance with their own procedures.

## Article 34

Indigenous peoples have the right to promote, develop and maintain their institutional structures and their distinctive customs, spirituality, traditions, procedures, practices and, in the cases where they exist, juridical systems or customs, in accordance with international human rights standards.

## Article 35

Indigenous peoples have the right to determine the responsibilities of individuals to their communities.

## အပိုဒ် (၃၆)

(၁) နိုင်ငံတကာနယ်နိမိတ်မှ ခွဲခြားခြင်းခံရသော ဌာနေတိုင်းရင်းသားလူမျိုးများသည် မိမိတို့ လူမျိုးချင်းအကြား တွင်သော်လည်းကောင်း၊ မိမိတို့ အနီးအနားရှိလူမျိုးခြားများနှင့်သော်လည်းကောင်း၊ ရိုးရာစဉ်လာ ယုံကြည်မှု၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စရပ်များအပါအဝင် ဆက်သွယ်ခြင်း၊ ဆက်ဆံခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများကို ထိန်းသိမ်းခြင်း၊ ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်းစသည့် အခွင့်အရေး ရှိသည်။

(၂) နိုင်ငံတော်သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက် အခွင့်အရေးအား ဌာနေတိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည့်ပြည့်ဝဝ ကျင့်သုံးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနေတိုင်းရင်းသားလူမျိုးနှင့် ညှိနှိုင်းပူးပေါင်းပြီး ထိထိရောက်ရောက် လုပ်ဆောင်ပေးရမည်။

## အပိုဒ် (၃၇)

(၁) ဌာနေတိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော် (သို့) ယင်းနိုင်ငံတော်အား လက်ဆင့်ကမ်းသူများနှင့် ချုပ်ဆိုထားသောစာချုပ်များ၊ သဘောတူညီချက်များ၊ အခြားအပေါင်းလက္ခဏာဆောင်သော စီမံခန့်ခွဲမှုများအား အသိအမှတ်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းစသည့် အခွင့်အရေးရှိသည်။ နိုင်ငံတော်အနေဖြင့် ထိုစာချုပ်များ၊ သဘောတူညီချက်များ၊

## Article 36

1. Indigenous peoples, in particular those divided by international borders, have the right to maintain and develop contacts, relations and cooperation, including activities for spiritual, cultural, political, economic and social purposes, with their own members as well as other peoples across borders.
2. States, in consultation and cooperation with indigenous peoples, shall take effective measures to facilitate the exercise and ensure the implementation of this right.

## Article 37

1. Indigenous peoples have the right to the recognition, observance and enforcement of treaties, agreements and other constructive arrangements concluded with States or their successors and to have States honour and respect

အခြားအပေါင်းလက္ခဏာဆောင်သော စီမံခန့်ခွဲမှုများအား အသိအမှတ်ပြုလေးစားရမည်။

(၂) ဤကြေညာချက် စာတမ်းတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် စာချုပ်များ၊ သဘောတူညီချက်များ၊ အခြားအပေါင်းလက္ခဏာဆောင်သော စီမံခန့်ခွဲမှုများအရ ရရှိခဲ့သော ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို မှေးမှိန်လျော့ကျစေခြင်း၊ ပယ်ဖျက်ခြင်း မသက်ရောက်စေရ။

## အပိုဒ် (၃၈)

နိုင်ငံတော်သည် ဤကြေညာချက်စာတမ်းအား အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် ဌာနေတိုင်းရင်းသားလူမျိုးများနှင့် လက်တွဲပူးပေါင်းပြီး ဥပဒေပြုရေးအပါအဝင် သင့်တင့်လျော်ကပ်သော လုပ်ဆောင်ချက်များ ပြုလုပ်ရမည်။

## အပိုဒ် (၃၉)

ဌာနေတိုင်းရင်းသားလူမျိုးများသည် ဤကြေညာစာတမ်းပါ အခွင့်အရေးများအား အပြည့်အဝခံစားနိုင်ရန်အတွက် နိုင်ငံတော်ထံမှသော်လည်းကောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုမှသော်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများ ရယူပိုင်ခွင့် အခွင့်အရေးရှိသည်။

such treaties, agreements and other constructive arrangements.

2. Nothing in this Declaration may be interpreted as diminishing or eliminating the rights of indigenous peoples contained in treaties, agreements and other constructive arrangements.

## Article 38

States, in consultation and cooperation with indigenous peoples, shall take the appropriate measures, including legislative measures, to achieve the ends of this Declaration.

## Article 39

Indigenous peoples have the right to have access to financial and technical assistance from States and through international cooperation, for the enjoyment of the rights contained in this Declaration.

**အပိုဒ် (၄၁)**

ဤကြေညာချက်ပါ ပြဋ္ဌာန်းချက်များအား ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ အဖွဲ့ အစည်းများ၊ အထူးအေဂျင်စီများနှင့် အခြားနိုင်ငံတကာ အစိုးရအဖွဲ့အစည်းများသည် ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီအပါအဝင် ပံ့ပိုးပေးရမည်။ ဤသို့ ဆောင်ရွက်ရာတွင် ဌာနေတိုင်းရင်းသားလူမျိုးများအပေါ် သက်ရောက်မှုရှိသည့် ရေးရာကိစ္စများတွင် ၎င်းတို့ကိုယ်တိုင်ပါဝင်နိုင် မည့်နည်းလမ်းများကို ဖန်တီးပေးရမည်။

**အပိုဒ် (၄၂)**

နိုင်ငံအဆင့်အပါအဝင် ကမ္ဘာ့ကုလသမဂ္ဂနှင့် ယင်း၏ အဖွဲ့အစည်းများ၊ အထူးအေဂျင်စီများ၊ အထူးသဖြင့် Permanent Forum on Indigenous Issuesနှင့် နိုင်ငံတော်သည် ဤကြေငြာစာတမ်းပါ ပြဋ္ဌာန်းချက်များအား လေးစားလိုက်နာရန် မြှင့်တင်ပေးခြင်း၊ ဤကြေညာစာတမ်း၏ ထိရောက်မှုများကို စီစစ်လေ့လာမှုများ ပြုလုပ်ရမည်။

**အပိုဒ် (၄၃)**

ဤကြေညာစာတမ်းပါအခွင့်အရေးများသည် ကမ္ဘာပေါ်ရှိ ဌာနေတိုင်းရင်းသားလူမျိုးများ ဂုဏ်သိက္ခာရှိရှိ အသက်ရှင်ရပ်တည်နိုင်ရန်အလို့ငှာ လိုအပ်သော အနိမ့်ဆုံးစံချိန်စံညွှန်းဖြစ်သည်။

## Article 40

Indigenous peoples have the right to access to and prompt decision through just and fair procedures for the resolution of conflicts and disputes with States or other parties, as well as to effective remedies for all infringements of their individual and collective rights. Such a decision shall give due consideration to the customs, traditions, rules and legal systems of the indigenous peoples concerned and international human rights.

## Article 41

The organs and specialized agencies of the United Nations system and other intergovernmental organizations shall contribute to the full realization of the provisions of this Declaration through the mobilization, inter alia, of financial cooperation and technical assistance. Ways and means of ensuring participation of indigenous peoples on issues affecting them shall be established.

## Article 42

The United Nations, its bodies, including the Permanent Forum on Indigenous Issues, and specialized agencies,

**အပိုဒ် (၄၄)**

ဤကြေညာစာတမ်းပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအား ဌာနေတိုင်းရင်းသားအမျိုးသားများနှင့် အမျိုးသမီးများအား တန်းတူခံစားပိုင်ခွင့်ရှိသည်။

**အပိုဒ် (၄၅)**

ဤကြေညာစာတမ်းသည် ဌာနေတိုင်းရင်းသားများ၏ ပစ္စုပ္ပန်ကာလတွင် ရနေပြီးသော အခွင့်အရေးများဖြစ်စေ၊ နောင်အနာဂတ်ကာလတွင် ရရှိလာမည့် အခွင့်အရေးများကိုဖြစ်စေ မှေးမှိန်ထိပါးဆုံးရှုံးပပျောက်စေသည်ဟု လွဲမှားစွာ အဓိပ္ပါယ်ဖွင့်ဆိုခြင်းမပြုရ။

**အပိုဒ် (၄၆)**

(၁) ဤကြေညာစာတမ်းသည် မည်သည့်နိုင်ငံတော် (သို့) လူမျိုး (သို့) အုပ်စု (သို့) လူပုဂ္ဂိုလ်များအား ကမ္ဘာ့ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် ဆန့်ကျင်ပြီး တစ်စုံတစ်ရာပြုလုပ်ရန် တွန်းအားပေးသည်ဟု အဓိပ္ပါယ်ကောက်ချက်ချခြင်း မပြုလုပ်ရ။ သို့တည်းမဟုတ် လွတ်လပ်ပြီး အချုပ်အခြာအာဏာရှိသည့် နိုင်ငံတော်၏ နိုင်ငံရေးစည်းလုံးမှု (သို့မဟုတ်) ပိုင်နက်နယ်နိမိတ်စုစည်းမှုများအား တစ်ခုလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်းပျ က် စီး စေမည့်လုပ်ဆောင်မှု တစ်စုံတစ်ရာပြုလုပ်ရန်အလို့ငှာ လုပ်ပိုင်ခွင့်ပေးသည် (သို့) အားပေးအားမြှောက်ပြုသည်ဟု အဓိပ္ပါယ်

including at the country level, and States shall promote respect for and full application of the provisions of this Declaration and follow up the effectiveness of this Declaration.

## Article 43

The rights recognized herein constitute the minimum standards for the survival, dignity and well-being of the indigenous peoples of the world.

## Article 44

All the rights and freedoms recognized herein are equally guaranteed to male and female indigenous individuals.

## Article 45

Nothing in this Declaration may be construed as diminishing or extinguishing the rights indigenous peoples have now or may acquire in the future.

## Article 46

1. Nothing in this Declaration may be interpreted as implying for any State, people, group or person any

ဖွင့်ဆိုခြင်းမပြုလုပ်ရ။

(၂) ဤကြေညာစာတမ်းပါ အခွင့်အရေးများအား ကျင့်သုံးဖော်ဆောင်ရာတွင် လူ့အခွင့်အရေးနှင့် အခြေခံ လွတ်လပ်ခွင့်များကို လေးစားလိုက်နာရမည်။ ဤကြေညာချက် စာတမ်းပါ အခွင့်အရေးများအား ကျင့်သုံးရာတွင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာလူ့အခွင့်အရေးတာဝန်နှင့် ဝတ္တရားများ အရသာ ကန့်သတ်မှုရှိရမည်။ ဤကန့်သတ်ချက်များသည်လည်း ခွဲခြားဆက်ဆံခြင်းမရှိဘဲ ဒီမိုကရေစီလူ့ဘောင် အသိုင်းအဝိုင်းအတွက် လိုအပ်သောတရားမျှတမှုများ ပြည့်မီနိုင်ရန်နှင့် အခြားပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့် လွတ်လပ်မှုများကို အသိအမှတ်ပြုလေးစားရန်အတွက်သာ ဖြစ်ရမည်။

(၃) ဤကြေညာချက် စာတမ်းပါပြဋ္ဌာန်းချက်များအား တရားမျှတမှု၊ ဒီမိုကရေစီ၊ လူ့အခွင့်အရေးကို လေးစားခြင်း၊ တန်းတူမှု၊ ခွဲခြားမှု ကင်းမဲ့ခြင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် စိတ်ရင်းစေတနာ မှန်ကန်ခြင်းစသော အခြေခံမူများနှင့်အညီ အဓိပ္ပါယ်ဖွင့်ဆိုရမည်။

right to engage in any activity or to perform any act contrary to the Charter of the United Nations or construed as authorizing or encouraging any action which would dismember or impair, totally or in part, the territorial integrity or political unity of sovereign and independent States.

2. In the exercise of the rights enunciated in the present Declaration, human rights and fundamental freedoms of all shall be respected. The exercise of the rights set forth in this Declaration shall be subject only to such limitations as are determined by law and in accordance with international human rights obligations. Any such limitations shall be non-discriminatory and strictly necessary solely for the purpose of securing due recognition and respect for the rights and freedoms of others and for meeting the just and most compelling requirements of a democratic society.

3. The provisions set forth in this Declaration shall be interpreted in accordance with the principles of justice, democracy, respect for human rights, equality, non-discrimination, good governance and good faith.